# ၁၉၅၇ ခုနှစ်၊ စက်မှု လက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း အက်ဥပဒေ။

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### အမည်နှင့်အဓိပ္ပါယ်ဖေါ်ပြချက်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ စက်မှု လက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) " ကော်ပိုရေးရှင်း " ဆိုသည်မှာ၊ ဤအက်ဥပဒေအရတည်ထောင်သောစက်မှု လက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းကိုဆိုလိုသည်။

(ခ) " အဖွဲ့ " ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့ကို ဆိုလိုသည်။

(ဂ) " လက်အောက်ခံအဖွဲ့ " ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော လက်အောက်ခံအဖွဲ့ကို ဆိုလိုသည်။

(ဃ) " စက်မှု လက်မှုလုပ်ငန်း " ဆိုသည်မှာ၊ ဘွင်းထွက်ပစ္စည်းတူးဖေါ်ရေးလုပ်ငန်းမှတပါး၊အခြားစက်မှုလက်မှုလုပ်ငန်းများကိုဆိုလိုသည်။

## အခန်း ၂။

### ကော်ပိုရေးရှင်းဖွဲ့စည်းအုပ်ချုပ်ပုံ။

၃။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေ၏ ရည်ရွယ်ချက် အထမြောက်အောင်မြင်စေရန်အလို့ငှါ " စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း " ဟုခေါ်သည့်ကော်ပိုရေးရှင်း တခုကိုတည်ထောင်ရမည်။

(၂) အဆိုပါ ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ ဤအက်ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ကော်ပိုရေးရှင်း၌၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများကိုရယူခွင့်၊ လက်ရှိထားခွင့်၊ပိုင်ဆိုင်ခွင့်ရှိရမည်။ ထို့ပြင် အဆိုပါအမည်ဖြင့်တရားစွဲဆိုနိုင်၍ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

(၃) ၁၉၅၂ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အက်ဥပဒေအရတည်ထောင်သော စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းပိုင်ပစ္စည်းနှင့် ကြွေးမြီတာဝန်အားလုံးကို၊ကော်ပိုရေးရှင်းက ဆက်ခံရမည့်ပြင်၊အဆိုပါ စက်မှုလက်မှု

တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ချုပ်ဆိုခဲ့သည့် ပဋိညာဉ်အားလုံးကိုလည်း ကော်ပိုရေးရှင်းကပင် ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

၄။ ။(၁) နိုင်ငံတော် သမ္မတ သည်၊ ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်၊ ထိန်းသိမ်း၊ ညွှန်ကြား၊ ဆောင်ရွက်ရန် ဒါရိုက်တာအဖွဲ့တခု ဖွဲ့စည်းရမည်။ အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏ အာဏာများနှင့် တာဝန်ဝတ္တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(၂) အဖွဲ့သည်၊ ကော်ပိုရေးရှင်း၏ အာဏာများနှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင်၊ ကုန်သွယ်မှုလုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် အများပြည်သူ့အကျိုးကိုဂရုပြုရမည်။

၅။ ။အဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များပါဝင်ရမည်။

(၁) နိုင်ငံတော်သမ္မတ က ရွေးချယ်သော ပြည်ထောင်စု အစိုးရအဖွဲ့ဝင်ဝန်ကြီးအနည်းဆုံး သုံးဦး။ ထိုဝန်ကြီးများထဲမှ တဦးကို အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ အခြားတဦးကို၊ ဒုတိယဥက္ကဋ္ဌ အဖြစ်ဖြင့်၎င်း၊ နိုင်ငံတော်သမ္မတ ကခန့်ထားရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ် ဒါရိုက်တာအဖွဲ့၏ ကိုယ်စားလှယ်တဦး (ကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်ရန် ထိုဒါရိုက်တာအဖွဲ့သည်၊ မိမိတို့အဖွဲ့ဝင်များထဲမှ တဦးကိုဖြစ်စေ၊ ဘဏ်အထွေထွေမန်နေဂျာကိုဖြစ်စေ၊ ရွေးချယ်နိုင်သည်)။ ·

(၃) ဤအက်ဥပဒေအရ ခန့်ထားသော အုပ်ချုပ်ရေးမှူး။

(၄) နိုင်ငံတော်သမ္မတ ကခန့်ထားသည့် စက်မှုလက်မှု၊ကူးသန်းရောင်းဝယ်ရေး၊ သို့တည်းမဟုတ် ငွေရေးကြေးရေးကိစ္စများ၊ လက်တွေ့လောကဓါတ်ပညာရပ်၊အုပ်ချုပ်ရေး၊ သို့တည်းမဟုတ် အလုပ်သမားစီမံခန့်ခွဲအုပ်ချုပ်မှုတွင် ကျွမ်းကျင်သူ ၄ ဦး။

၆။ ။ကော်ပိုရေးရှင်းကပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် ပဋိညာဉ်၊ လုပ်ကိုင်မှု၊ ရောင်းမှု၊ သို့တည်းမဟုတ် ဝယ်မှုတခုခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တနည်းနည်းဖြင့်အကျိုးသက်ဆိုင်သည့် ဒါရိုက်တာသည်၊ မိမိမည့်သို့အကျိုးသက်ဆိုင်ကြောင်းကို၊အဖွဲ့အစည်းအဝေးတွင် ထုတ်ဖေါ်ပြောဆိုရမည်။ ထိုသို့ထုတ်ဖေါ်ပြောဆိုချက်ကို အဖွဲ့အစည်းအဝေး မှတ်တမ်းများတွင် ရေးမှတ်ထားရမည်။ ထို့ပြင် ထိုဒါရိုက်တာသည်၊ ထိုပဋိညာဉ်နှင့်၊သို့တည်းမဟုတ် ထိုလုပ်ကိုင်မှုနှင့်၊သို့တည်းမဟုတ် ထိုရောင်းမှုနှင့်၊ သို့တည်းမဟုတ် ထိုဝယ်မှုနှင့်စပ်လျဉ်း၍၊ အဖွဲ့က ဆွေးနွေးရာတွင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ရာတွင်မပါဝင်ရ။

၇။ ။(၁) ဒါရိုက်တာ၏ ရာထူးသက်တမ်းသည်၊ နိုင်ငံတော် သမ္မတ က သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ သို့သော် ထိုရာထူးသက်တမ်းသည်၊ ၄ နှစ်ထက် မကျော်လွန်စေရ။ ဒါရိုက်တာတို့၏ ရာထူးသက်တမ်းကို၊ နိုင်ငံတော် သမ္မတ က မည်သည့်အချိန်တွင်မဆိုရပ်စဲစေနိုင်သည်။

(၂) နိုင်ငံတော် သမ္မတ သည်၊ မည်သည့်ဒါရိုက်တာကိုမဆို၊ ထိုသူ၏ရာထူးသက်တမ်းစေ့ကုန်သည့်အခါ၊ ပြန်လည်ခန့်ထားနိုင်သည်။

၈။ ။(၁) နိုင်ငံတော် သမတ သည်၊ ပုဂ္ဂိုလ်တဦးကို၊ ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးမှူးအဖြစ်ဖြင့်ခန့်ထားရမည်။

(၂) အုပ်ချုပ်ရေးမှူးသည်—

(က) ကော်ပိုရေးရှင်း၏ အချိန်ပြည့်အရာရှိဖြစ်ရမည်။

(ခ) ဤအက်ဥပဒေအရ၊ အဖွဲ့က ဆောင်ရွက်ရမည့် ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများနှင့် ကိုက်ညီသည့် အခြေခံစီမံကိန်းများကို ရေးဆွဲရမည်၊

(ဂ) အဖွဲ့၏ သဘောတူညီချက်ရယူရန် အလို့ငှါ၊ နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းများကို၊ အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် နေ့ရက်တွင်တင်ပြရမည်။

(ဃ) ကော်ပိုရေးရှင်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းများအတွက် လုပ်ငန်းအစီအစဉ်များကို အဖွဲ့သို့တင်ပြရမည်။

(င) အဖွဲ့၏ ဆုံးဖြတ်ချက်များကိုဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာ၌ ဆုံးဖြတ်ချက်များအတိုင်း ဖြစ်မြောက်စေရန်၊ လိုအပ်သော တာဝန်ဝတ်တရားနှင့် လုပ်ကိုင်ဆောင်ရွက်မှုများကို ပြုလုပ်ဆောင်ရွက်ရမည်။

(စ) ဘဏ္ဍာတော်နှစ် အသီးသီးကုန်ဆုံးပြီးနောက် လျင်မြန်နိုင်သမျှလျင်မြန်စွာ၊ ကော်ပိုရေးရှင်း၏နှစ်ချုပ်အစီရင်ခံစာနှင့်လက်ကျန်ရှင်းတမ်းတို့ကို အဖွဲ့သို့တင်ပြရမည်။

(ဆ) အဖွဲ့၏သဘောတူညီချက်ကိုကြိုတင်ရယူ၍၊ ကော်ပိုရေးရှင်း၏ဌာနမှူးများနှင့် အခြားရာထမ်း မှုထမ်းများခန့်ထားရမည်။

(ဇ) မိမိအား အဖွဲ့က အခါအားလျော်စွာလွှဲအပ်သော အာဏာများနှင့် အခြားတာဝန်ဝတ်တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

၉။ ။ဒါရိုက်တာများအား နိုင်ငံတော် သမတ သတ်မှတ်သည့် အခများနှင့် စရိတ်ကြေးငွေများပေးရမည်။ အုပ်ချုပ်ရေးမှူးအား နိုင်ငံတော် သမတ သတ်မှတ်သည့် လစာနှင့်စရိတ်ကြေးငွေများပေးရမည်၊ သို့သော် အဆိုပါပုဂ္ဂိုလ်တို့၏ခရီးစရိတ်များကို အဖွဲ့ကသတ်မှတ်နိုင်သည်။

၁၀။ ။အဖွဲ့၏ ဆောင်ရွက်မှုများသည်၊ ဒါရိုက်တာရာထူး နေရာလစ်လပ်သည့် အကြောင်းကြောင့်သော်၎င်း၊ ဒါရိုက်တာတဦးဦးခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည့် အကြောင်းကြောင့်သော်၎င်း၊ မပျက်ပြယ်စေရ။

## အခန်း ၃။

## ကော်ပိုရေးရှင်း၏အာဏာနှင့်တာဝန်ဝတ်တရားများ။

၁၁။ ။(၁) စက်မှု လက်မှုလုပ်ငန်း တည်ထောင်မှုနှင့် တိုးချဲ့လုပ်ကိုင်မှုတို့ကို ဆောင်ရွက်ခြင်းသည်၊ ကော်ပိုရေးရှင်း၏တာဝန်ဝတ်တရားဖြစ်ရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသော တာဝန်ဝတ္တရားများနှင့် ဆက်သွယ်၍ပေါ်ပေါက်လာသော ကိစ္စများကိုင်း၊ ထိုတာဝန်ဝတ်တရားများဆောင်ရွက်ရာ၌လိုအပ်မည်၊ အကျိုးရှိမည်၊ သို့တည်းမဟုတ် သင့်လျော်မည်ဟု ထင်မြင်သောကိစ္စများကိုင်း၊ ဆောင်ရွက်ရမည်။ အထူးအားဖြင့် ဤပုဒ်မ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊ အောက်ပါကိစ္စများကိုလည်း ဆောင်ရွက်ရမည်။

(က) နိုင်ငံတော် သမတ ကသဘောတူညီပြီးဖြစ်သော၊ မည်သည့်အခြေခံ စီမံကိန်းများနှင့်မျှ မဆန့်ကျင်သည့် စက်မှုလက်မှု တိုးတက်ရန် စီမံကိန်းများရေးဆွဲခြင်း။

(ခ) ထုတ်ကုန်ပစ္စည်းများကိုသိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း။

(ဂ) သင်တန်းများဖွင့်လှစ်ခြင်း၊ ဗဟုသုတရစေရန် ပညာပေးခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်း၊ သုတေသနလုပ်ငန်းများ စီစဉ်လုပ်ကိုင်ခြင်း။

(၃) ကော်ပိုရေးရှင်းသည်၊ မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ နိုင်ငံတော် သမတ ၏သဘောတူညီချက်ကိုကြိုတင်ရယူ၍၊ ပုဂ္ဂလိကပိုင် အရင်းရှင်လုပ်ငန်းများနှင့်ဖက်စပ်လုပ်ကိုင်နိုင်သည်။

၁၂။ ။ပုဒ်မ ၁၁ ပါ တာဝန်ဝတ်တရားများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ကော်ပိုရေးရှင်း၌၊ အောက်ပါကိစ္စများကိုဆောင်ရွက်ရန်လည်းအာဏာရှိရမည်။

(က) ဤအက်ဥပဒေအရ ပြဋ္ဌာန်းထားသော တာဝန် ဝတ်တရားများကို ဆောင်ရွက်နေ်အလို့ငှါ၊ ကော်ပိုရေးရှင်း၏ရံပုံငွေမှ ငွေများသုံးစွဲခြင်း။

(ခ) ငွေထုတ်ချေးခြင်း (ထိုသို့ပြုရာတွင် ထုတ်ချေးရန် စဉ်းစားဆဲငွေအပါအဝင်ဖြစ်သည့် ထုတ်ချေးထားသောငွေ စုစုပေါင်းသည်၊ ဘဏ္ဍာတော်နှစ် တနှစ်အတွင်း ကျပ်ဆယ်သိန်းထက် ကျော်လွန်ခဲ့သော်၊ ယင်းသို့ကျော်လွန်သည့်ကိစ္စတခုစီအတွက်ဖြစ်စေ၊ ယေဘုယျအားဖြင့်အားလုံးအတွက်ဖြစ်စေ၊နိုင်ငံတော်သမတ ၏သဘောတူညီချက်ကိုကြိုတင်ရယူရမည်)။

(ဂ) နိုင်ငံတော် သမတ ကသတ်မှတ်သည့် စည်းကမ်းချက်များအရ ခံဝန်ချုပ်များ (Bonds)၊ ကြွေးမြီအာမခံစာချုပ်များ (Debentures) နှင့် အစု စတော့(စ်) များ (Stocks) ထုတ်ပေးခြင်း။

(ဃ) နိုင်ငံတော် သမတ ကသတ်မှတ်သည့် စည်းကမ်းချက်များအရ၊ နိုင်ငံခြားမှဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံတွင်းမှဖြစ်စေ၊ ငွေချေးယူသုံးစွဲခြင်း။

(င) ဒါရိုက်တာနှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော ဒါရိုက်တာများပါဝင်သည့် ကော်မတီများကို၊ အဖွဲ့က သာမန်ကိစ္စများအတွက်သော်၎င်း၊ အထူးကိစ္စအတွက်သော်၎င်း၊ ခန့်ထား၍၊ ထိုကော်မတီများအား အဆိုပါကိစ္စများနှင့် စပ်လျဉ်းသည့် လိုအပ်သော ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများနှင့် အာဏာများလွှဲအပ်ခြင်း။

(စ) ကိုယ်စားလှယ်များ ခန့်ထား၍၊ ထိုကိုယ်စားလှယ်များအား ဤအက်ဥပဒေ၏ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အဖွဲ့က လိုအပ်သည်ဟု ထင်မြင်သော တာဝန်ဝတ်တရားများနှင့် အာဏာများ လွှဲအပ်ခြင်း။

(ဆ) စက်မှုလက်မှုနှင့် စပ်လျဉ်း၍ မည်သည့်ကိစ္စဉ်မဆို အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်ရွေးချယ်ခန့်ထားခြင်း၊ ထိုပုဂ္ဂိုလ်အား သင့်တော်သော အခနှင့် စရိတ်ကြေးငွေများပေးခြင်း။

(ဇ) ကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်တာများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဖွဲ့၏ ကြီးကြပ် အုပ်ချုပ်မှုကို လိုက်နာရမည့် လက်အောက်ခံအဖွဲ့များကို တည်ထောင်ဖွဲ့စည်းခြင်း။

(ဈ) အဖွဲ့သည်၊ အခါအားလျော်စွာ၊ အုပ်ချုပ်ရေးမှူးအား၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်း၏ အခြားရာထမ်း မှုထမ်းများအား၊ မိမိသင့်လျော်သည် ထင်မြင်သည့် အာဏာနှင့် တာဝန်ဝတ်တရားများ လွှဲအပ်ခြင်း။

(ည) အောက်ပါကိစ္စအားလုံးနှင့်ဖြစ်စေ၊ အချို့နှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စည်းကမ်း ဥပဒေများပြုခြင်း။

(၁) အဖွဲ့၏အစည်းအဝေးများ ဘိတ်ခေါ်ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် နည်းလမ်းများနှင့် အဖွဲ့ အစည်းအဝေးများတွင် လိုက်နာရမည့် ကျင့်ထုံးသတ်မှတ်ခြင်း။

(၂) ကော်ပိုရေးရှင်း၏ ရာထမ်း မှုထမ်းများခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏ လစာ၊ စရိတ်ကြေးငွေနှင့် အမှုထမ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ ထိုရာထမ်း မှုထမ်းများ၏တာဝန်ဝတ်တရားများနှင့် အာဏာများကို သတ်မှတ်ခြင်း။

(၃) ကော်ပိုရေးရှင်း၏ ရာထမ်း မှုထမ်းများ သက်သာ ချောင်ချိရေးအတွက် သင့်တော်မည့် အငြိမ်းစားရပုံငွေနှင့် အခြားအထောက်အပံ့များ စီမံပြုလုပ်ပေးခြင်း။

(၄) ကော်ပိုရေးရှင်း၏ ကိုယ်စား စာချုပ် စာတမ်းများ လက်မှတ်ရေးထိုးခြင်း။

၁၃။ ။(၁) ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများ ဆောင်ရွက်ရာတွင် အဖွဲ့က လိုက်နာရမည့်မှုနှင့် သက်ဆိုင်သည့် အချက်များသည်၊ နိုင်ငံတော် သမတ က အဖွဲ့နှင့်တိုင်ပင်၍ ညွှန်ကြားသည့်အတိုင်းဖြစ်ရမည်။

(၂) နိုင်ငံတော် သမတ သည်၊ မည့်သည့်အခါမဆို၊ ကော်ပိုရေးရှင်း၏အမှုတွဲများကိုငှင်း၊ အစီရင်ခံစာများကိုငှင်း၊ မှန်းခြေငွေစာရင်းများကိုငှင်း၊ မိမိထံတင်ပြရန် တောင်းဆိုနိုင်သည်။ ယင်းသို့ တောင်းဆိုသည့်အခါ ကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ရမည်။

၁၄။ ။အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးကုန်ဆုံးပြီးနောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာ၊ ထိုနှစ်အတွက် ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ခြင်းနှင့်ငှင်း၊ ကော်ပိုရေးရှင်းက လိုက်နာသည့်မှုနှင့်ငှင်း၊ လုပ်ငန်းအစီအစဉ်များနှင့်ငှင်း၊ စပ်လျဉ်း၍ နိုင်ငံတော်သမတ ထံအစီရင်ခံစာ ကင်သွင်းရမည်။

## အခန်း ၄။

## ငွေရေးကြေးရေးနှင့် ငွေစာရင်းများ။

၁၅။ ။ကော်ပိုရေးရှင်းသည်၊ရံပုံငွေတခုထားရှိရမည်။ ကော်ပိုရေးရှင်းရရှိသော ငွေအားလုံးကို ထိုရံပုံငွေသို့ ထည့်သွင်း၍၊ ကော်ပိုရေးရှင်းက ပေးရန်ရှိသောငွေအားလုံးကို၊ ထိုရံပုံငွေထဲမှပေးရမည်။

၁၆။ ။ကော်ပိုရေးရှင်းက မိမိ၏ အာဏာနှင့် တာဝန်ဝတ်တရားများ သုံးစွဲဆောင်ရွက်ရန်အလို့ငှါ၊နိုင်ငံတော်သမတ သည်၊ ကော်ပိုရေးရှင်းအား တလုံးတခဲတည်း ထောက်ပံ့ငွေများပေးနိုင်သည်၊ သို့တည်းမဟုတ် နိုင်ငံတော်သမတ ကသင့်လျော်သည် ဟု ယူဆသော စည်းကမ်းချက်များဖြင့်၊ ကော်ပိုရေးရှင်းသို့ သာမန်ငွေစာရင်းတွင်ထည့်သွင်း၍ဖြစ်စေ၊ မှတည် ငွေစာရင်းတွင် ထည့်သွင်း၍ဖြစ်စေ၊ ငွေထုတ်ချေးနိုင်သည်။

၁၇။ ။ကော်ပိုရေးရှင်းသည်၊ ချက်ခြင်း အသုံးမလိုသည့် မိမိပိုင်ငွေအားလုံးကို၊ နိုင်ငံတော်သမတ ကသဘောတူသည့် ဘဏ်တွင်၊ သို့တည်းမဟုတ် ဘဏ်များတွင် ထားရမည်။

၁၈။ ။(၁) ကော်ပိုရေးရှင်းသည်၊ ဘဏ္ဍာတော်နှစ် အသီးသီး မကုန်မီ ရက်ပေါင်း ၃၀ ကြိုတင်၍၊ ထိုနှစ်နောက်လာမည့် ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရ-သုံးမှန်းခြေငွေစာရင်းကို၊ နိုင်ငံတော်သမတ ထံသဘောတူညီချက်ရရန်တင်သွင်းရမည့်ပြင်၊ အဆိုပါ ရ-သုံးမှန်းခြေငွေစာရင်းကိုပြင်သည့် နောက်ထပ် ရ-သုံးမှန်းခြေငွေစာရင်းကိုလည်း၊ အခါအားလျော်စွာ ထိုနည်းအတူတင်သွင်းနိုင်သည်။

(၂) နိုင်ငံတော် သမတ ၏သဘောတူညီချက်ဖြင့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်ခွဲဝေ သုံးစွဲခြင်းမှတပါး၊ ပုဒ်မခွဲ (၁) အရခွင့်ပြုသည့် ရ-သုံး မှန်းခြေငွေစာရင်းအောက်ပါ မည်သည့်အသုံးစရိတ်ကိုမျှ၊ ကော်ပိုရေးရှင်းကကျခံခြင်းမပြုရ။

၁၉။ ။(၁) ကော်ပိုရေးရှင်းသည်၊ မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ငွေစာရင်းများကိုလည်း၊ ထိုငွေစာရင်းများနှင့် သက်ဆိုင်သည့် အခြားမှတ်တမ်းများကိုလည်း၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံ နည်းစနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။ ထို့ပြင် ဘဏ္ဍာတော်နှစ်အသီးသီးနှင့် ဂပ်လျဉ်းသည့် ကော်ပိုရေးရှင်း၏ နှစ်ချုပ်ငွေစာရင်းကို၊ ကုန်သွယ်လုပ်ငန်း စည်းမျဉ်းများအတိုင်း စီစဉ်ရေးသားရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ နိုင်ငံတော်သမတ ကဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် ကော်ပိုရေးရှင်း၏ ငွေစာရင်း ရှင်းတမ်းအပြင် အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို၊ နိုင်ငံတော်သမတ ထံပေးပို့ရမည်။

(၃) ကော်ပိုရေးရှင်း၏ ငွေစာရင်းများကို၊ နိုင်ငံတော် စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် ကော်ပိုရေးရှင်းသည်၊နိုင်ငံတော်စာရင်းစစ်ချုပ်၏သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်ထားသော မှတ်ပုံဝင် စာရင်းစစ်များအား၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ ကော်ပိုရေးရှင်း၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ကော်ပိုရေးရှင်း၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တပြိုင်နက်၊ ကော်ပိုရေးရှင်းသည်၊ နိုင်ငံတော်သမတ ထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူ တစောင်ကို၊ စာရင်းစစ်ချုပ် အစီရင်ခံစာမိတ္တူတစောင်နှင့်တကွတင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့်အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီကို၊ ကော်ပိုရေးရှင်း၏ ဗဟို ရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြား အမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက် နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက် ယူထားခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်စေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှ တပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ် ခြင်းမပြုရ။

၂၀။ ။ကော်ပိုရေးရှင်းသည်၊ တန်ဘိုးယုတ်လျော့မှုအတွက် သတ်မှတ်ရမည့် နှုန်းများကို၊ အမြတ်တော်ခွန်အက်ဥပဒေက သတ်မှတ်သည့်နှုန်းများအတိုင်း သတ်မှတ် ရမည်။

၂၁။ ။ကော်ပိုရေးရှင်း၏ အသားတင် အမြတ်ငွေများထဲမှ အပိုရာထားငွေ နှင့် အပြားရံပုံငွေများသို့ နိုင်ငံတော် သမတ ကအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ် သတ်မှတ်သည့်နှုန်းအတိုင်း ငွေများလွှဲပြောင်းခွဲဝေပေးရမည်။

## အခန်း ၅။

## <u>ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ပေးဆပ်ရန် ပျက်ကွက်ခဲ့သော အမှုအခင်းများတွင် ကော်ပိုရေးရှင်း၏ အခွင့်အရေးများနှင့်အာဏာများ။</u>

၂၂။ ။(၁) မည်သည့် စက်မှုလက်မှု လုပ်ငန်းမဆို၊ စာချုပ် စာတမ်းများ အရ၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရမည့် ကြွေးမြီများကိုပေးဆပ်ရန် ပျက်ကွက်လျှင်သော် ၎င်း၊ ကော်ပိုရေးရှင်းနှင့်ချုပ်ဆိုထားသောစာချုပ်စာတမ်းပါစည်းကမ်းချက်များကိုလိုက် နာရန်ပျက်ကွက်လျှင်သော်၎င်း၊ အခြားတည်ဆဲတရားဥပဒေ များတွင်မည်သို့ပင်ပါရှိစေ ကာမူ၊ ကော်ပိုရေးရှင်း၌၊ အဆိုပါ လုပ်ငန်းကို၊ သို့တည်းမဟုတ် ၎င်း၏ အုပ်ချုပ်စီမံ ခန့်ခွဲမှုကိုသိမ်းယူနိုင်ခွင့်ရှိရမည့်ပြင်၊ ကော်ပိုရေးရှင်းသို့ အာမခံအဖြစ်ဖြင့် ပေးသွင်းထား သော၊ သို့တည်းမဟုတ် ပေါင်နှံထားသော၊ သို့တည်းမဟုတ် လွှဲအပ်ထားသောပစ္စည်း များကိုရောင်းချ၍ ကြွေးမြီများကိုရယူနိုင်ခွင့်လည်းရှိရမည်။

(၂) ပုဒ်မခွဲ(၁)အရ ကော်ပိုရေးရှင်းက ပစ္စည်းများကို၊ အခြားသူတဦးဦး အားရောင်းချလျှင်၊ အဆိုပါပစ္စည်းများကို ဝယ်ယူရရှိသူသည်၊ မူလပိုင်ဆိုင်သူထံမှ တိုက်ရိုက်ဝယ်ယူသည့်အခါ ရရှိထိုက်သောအခွင့်အရေးများအတိုင်းရရှိစေရမည်။

(၃) အာမခံအဖြစ်ဖြင့် ပေးသွင်းထားသော ပစ္စည်းအားလုံးမှဖြစ်စေ၊ တစိတ် တဒေသမှဖြစ်စေ၊ထုတ်လုပ်၍ပေါ်ထွက်လာသော ကုန်ပစ္စည်းများပေါ်၌၊ကော်ပိုရေးရှင်း

သည်၊ မူလအာမခံအဖြစ်ဖြင့် ရရှိသောပစ္စည်းများပေါ်တွင် ရရှိသည့်အခွင့်အရေးများ အတိုင်းရရှိစေရမည်။

(၄) ပုဒ်မခွဲ (၁) အရ၊ ကော်ပိုရေးရှင်းက စက်မှုလက်မှု လုပ်ငန်းတခုခုကို၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲမှုကို၊ သိမ်းယူလျှင်ဖြစ်စေ၊ ပစ္စည်းများကိုရောင်းချလျှင် ဖြစ်စေ၊ အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ နည်းလမ်းတကျ ကုန်ကျသော စရိတ်ကြေးငွေများကို လုပ်ငန်းပိုင်ရှင်ထံမှ ပြန်လည်ရယူနိုင်ခွင့်ကော်ပိုရေးရှင်း၌ရှိရမည်။ ထိုသို့သိမ်းယူခြင်းဖြင့်၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲခြင်းဖြင့်၊ သို့တည်းမဟုတ် ပစ္စည်းများကို ရောင်းချခြင်းဖြင့် ရရှိထားသောငွေများကို၊ ပဋိညာဉ်စာချုပ်တွင် အခြားနည်းအတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ ယုံကြည်အပ်နှံထားသောငွေ အဖြစ်ဖြင့်၊ ကော်ပိုရေးရှင်းက လက်ဝယ်ထားရှိနိုင်၍၊ ထိုငွေမှ၊ ထိုသို့ သိမ်းယူခြင်း၊ သို့တည်းမဟုတ် အုပ်ချုပ်စီမံခန့်ခွဲခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျသောစရိတ်ငွေများကို ပဌမအဆင့်အနေဖြင့်၎င်း၊ ကော်ပိုရေးရှင်းသို့ ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ဒုတိယအဆင့် အနေဖြင့်၎င်း၊ ခုနှိမ်ခြင်းဖြင့် ကော်ပိုရေးရှင်းက ရယူနိုင်သည်။ ထိုသို့ရယူပြီးနောက်၊ ကျန်ရှိနေသောငွေများကို၊ ရသင့်ရထိုက်သူအား ကော်ပိုရေးရှင်းက ထုတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၁) အရ ကော်ပိုရေးရှင်းက စက်မှုလက်မှုလုပ်ငန်း တခုခုကို သိမ်းယူလိုက်သည့်အခါ၊ အဆိုပါလုပ်ငန်းကတရားစွဲဆိုသည့်၊ သို့တည်းမဟုတ် အဆိုပါလုပ်ငန်းကိုတရားစွဲဆိုသည့်၊ တရားမမှုများအတွက် ကော်ပိုရေးရှင်းသည်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါလုပ်ငန်း၏ ပိုင်ရှင်အမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံနိုင်ရမည်။

၂၃။ ။အောက်ပါ အကြောင်း တခုခုဖြစ်ပေါ်လျှင်၊ ပဋိညာဉ် စာချုပ်တွင် မည်သို့ပင်ပါရှိစေကာမူ၊ ကော်ပိုရေးရှင်းသည်၊မိမိကငွေထုတ်ချေးထားသော မည်သည့်စက်မှုလက်မှုလုပ်ငန်းထံမှမဆို၊ ကော်ပိုရေးရှင်းသို့ပေးဆပ်ရန်ရှိသော ကြွေးမြီကိုအပြည့် ပြန်လည်ပေးဆပ်စေရန် စာဖြင့်ရေးသား၍ တောင်းဆိုနိုင်သည်။

(က) ငွေထုတ်ချေးရန်လျှောက်ထားခဲ့စဉ်က၊ အရေးကြီးသော အချက်နှင့်စပ်လျဉ်း၍ မှားယွင်းသော၊ သို့တည်းမဟုတ် မမှန်ကန်သော အကြောင်းအရာကို ဖေါ်ပြသည်ဟု အဖွဲ့က ထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) ချေးယူသောငွေနှင့်စပ်လျဉ်း၍ စက်မှုလက်မှု လုပ်ငန်းက၊ စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) စက်မှုလက်မှုလုပ်ငန်းသည်၊ တင်ရှိနေသော ကြွေးမြီကို ပေးဆပ်နိုင်ပေလိမ့်မည် မဟုတ်ဟုသော်၎င်း၊ ၎င်း၏ လုပ်ငန်းများ ရပ်ဆိုင်းရန် အကြောင်းများ ပေါ်ပေါက်နေသည်ဟုသော်၎င်း၊ အဖွဲ့က ထင်မြင်ယူဆရန် လုံလောက်သော အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

(ဃ) စက်မှုလက်မှု လုပ်ငန်း၏ ချေးယူငွေအတွက် ကော်ပိုရေးရှင်း အား လွှဲအပ်ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသော ပစ္စည်းများ အတွက် ကော်ပိုရေးရှင်းကျေနပ်လောက်အောင်၊ လုပ်ငန်းပိုင်ရှင်က ဆုံးဝါးပျက်စီးမှုမရှိအောင် အာမခံထားရှိခြင်း မပြုလျှင်၊ သို့တည်း

မဟုတ် ဆက်လက် အာမခံထားရှိခြင်း မပြုလျှင်၊ ထိုပြင် ထိုသို့ လွှဲအပ်ထားသော၊ သို့တည်းမဟုတ် ပေါင်နှံထားသောပစ္စည်းသည်၊ အထူးပင် တန်ဘိုးယုတ်လျော့လာ၍၊ အာမခံ ထပ်လောင်း ဖြည့်တင်းရန် လိုအပ်သောကြောင့် တောင်းဆိုပါသော်လည်း အာမခံ ထပ်လောင်းဖြည့်တင်းခြင်း မပြုလျှင်၊ သို့တည်းမဟုတ်

(ဇ) အာမခံ မစ္စည်းအဖြစ် ပေးသွင်းထားသော စက်နှင့် စက်ကိရိယာ ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ကော်ပိုရေးရှင်း ၏သဘောတူညီချက် မရရှိဘဲ၊ ရွှေ့ပြောင်းသယ်ယူပြီး၊ ပြန်လည်အစားထိုးထားခြင်းမရှိလျှင်၊ သို့တည်းမဟုတ်

(စ) မည်သည့်အကြောင်းကြောင့်မဆို၊ ကော်ပိုရေးရှင်း၏ အကျိုးစီးပွါးကို ကာကွယ်ရန်လိုအပ်လာလျှင်။

**အခန်း ၆။**

<u>လက်အောက်ခံအဖွဲ့များ။</u>

၂၄။ ။(၁) ကော်ပိုရေးရှင်းသည်၊ အဖွဲ့က ရွေးချယ်ခန့်ထားသော ပုဂ္ဂိုလ်များ ပါဝင်သည့်လက်အောက်ခံအဖွဲ့များကိုဖွဲ့စည်းတည်ထောင်နိုင်သည်။

(၂) အဆိုပါ လက်အောက်ခံ အဖွဲ့များသည်၊ အဖွဲ့၏ကြီးကြပ် အုပ်ချုပ်မှုကို လိုက်နာလျက်၊ အဖွဲ့က လွှဲအပ်သော အာဏာနှင့် တာဝန်ဝတ်တရားများကို သုံးစွဲ ဆောင်ရွက်ရမည်။

**အခန်း ၇။**

<u>အထွေထွေ။</u>

၂၅။ ။ကော်ပိုရေးရှင်း၏ ရာထမ်း မှုထမ်းအသီးသီးသည်၊ ဤအက်ဥပဒေအရ ဆောင်ရွက်နေစဉ်၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘော သက်ရောက်သော အပြုအမူကိုပြုနေစဉ်၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟုမှတ်ယူရမည်။

၂၆။ ။ဤအက်ဥပဒေအရသဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စတခုခုအတွက်၊ မည်သူကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ၊ မစွဲဆိုရ။

၂၇။ ။ဤအက်ဥပဒေပါပြဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော် သမတ သည်၊ အမိန့်ကြော်ငြာစာဖြင့်၊ နည်းဥပဒေများပြုနိုင်သည်။

၂၈။ ။(၁) ၁၉၅၂ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၃) ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ၁၉၅၂ ခုနှစ်၊ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း အက်ဥပဒေကိုရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေအရတည်ထောင်၊ ဖွဲ့စည်းထားသော စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသည်၎င်း၊ ဒါရိုက်တာအဖွဲ့သည်၎င်း၊ ပုဒ်မ ၃ အရ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းကည်ထောင်ပြီးနောက်၊ ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဒါရိုက်တာအဖွဲ့၏ ပဋ္ဌမအကြိမ်အစည်းအဝေးကျင်းပသည့် နေ့ရက်တိုင်အောင်၊ မိမိတို့၏အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

ပ၊မ၊ဗ၊စ—အမှတ် ၂၁၇၊ တရားရေးဝန်ကြီးဌာန၊ ၇-၅-၅၇—၂,၂၀၀—၂။